# ဗဟိုစာရင်းအင်းအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် Workshop on the Opportunities for Myanmar on Trade Promotion under the Belt and Road Initiative သို့ တက်ရောက်

**(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် United Nations Department of Economic and Social Affairs (UN DESA) မှ ကြီးမှူးကျင်းပသော Workshop on the Opportunities for Myanmar on Trade Promotion under the Belt and Road Initiative သို့ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် ရန်ကုန်မြို့၊ Wyndham Grand Hotel ၌ တက်ရောက်ခဲ့ပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို BRI project ၏ လက်ရှိအခြေအနေအပေါ် ကနဦးတွေ့ရှိထားချက်များ၊ ကုန်သွယ်မှုအခွင့်အလမ်းများအပေါ် ၎င်း၏ သက်ရောက်နိုင်မှု အလားအလာနှင့် မြန်မာနိုင်ငံတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ အကောင်အထည်ဖော်ဆောင်မှုတို့နှင့် စပ်လျဉ်း၍ တက်ရောက်လာသူများနှင့် မျှဝေနိုင်စေရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် Belt and Road နှင့်စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသော နိုင်ငံများရှိ မူဝါဒချမှတ်သူများအား ပံ့ပိုးပေးခြင်း၊ လုပ်ငန်းဆောင်ရွက်သူများအား စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ SDGs ဆိုင်ရာ အကောင်အထည်ဖော်ဆောင်မှု လုပ်ငန်းရပ်များအား အောင်မြင်စွာဆောင်ရွက်ရာတွင် Belt and Road ၏ အခန်းကဏ္ဍ၊ ပိုမိုကောင်းမွန်သော အကျိုးကျေးဇူးများ ထွက်ပေါ်လာစေရန်အတွက် ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်စေရန်နှင့် သင့်လျော်သောမူဝါဒများ ချမှတ်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခြင်းဖြင့် BRI နှင့်စပ်လျဉ်းသည့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရာတွင် စောင့်ကြည့်အကဲဖြတ်နိုင်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအား အရှိန်အဟုန်မြင့်တင်၍ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်အတွက် မူဝါဒချမှတ်သူများအား ပံ့ပိုးပေးနိုင်ခြင်း၊ လုပ်ငန်းဆောင်ရွက်သူများ၏ စွမ်းဆောင်ရည်များ ပိုမိုခိုင်မာအားကောင်းစေသည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်။



